## မာတိကာ


| | | | |
|---|---|---|---|
| - | အီဂျစ်စာရေးဆရာကြီး နာဂွစ်မာဖောက် [ ၁၉၁၁ - ၂၀၀၆ ] | (မြင့်နောင်မိုး) | ၇ |
| ၁။ | ဝရမ်းပြေး<br>*A Fugitive from Justice* | (တင်မောင်မြင့်) | ၁၁ |
| ၂။ | မိစ္ဆာတောအုပ်<br>*The Haunted Wood* | (မောင်မောင်လှမြင့်) | ၂၅ |
| ၃။ | လုပ်ကြံသူ<br>*Assassin* | (သစ်ဦးဇင်) | ၃၀ |
| ၄။ | စွမ်းရဲလက်က သားကောင်များ<br>*The Man of Power* | (သစ်ဦးဇင်) | ၅၁ |
| ၅။ | အရက်သမားတေး<br>*The Drunkard Sings* | (မောင်ရဲနိုင်) | ၆၁ |
| ၆။ | အဘိုးအိုနှင့် မြေနေရာ<br>*The Old Man and the Land* | (မောင်ညီညွှတ်) | ၇၂ |
| ၇။ | အမှောင်၏ အငွေ့အသက်<br>*The Vapor of Darkness* | (သစ်ဦးဇင်) | ၇၈ |
| ၈။ | ဝေးလံသောအရပ်မှ သတိပေးစကား<br>*A Warning from Afar* | (သစ်ဦးဇင်) | ၈၇ |
| ၉။ | နမ်းပက်သူ<br>*Hunger* | (မောင်မောင်လှမြင့်) | ၉၀ |
| ၁၀။ | လက်ဆွဲအိတ်နဲ့ ခရီးသည်<br>*Traveller with the Hand Luggage* | (တင့်ဇော်) | ၁၀၀ |
| ၁၁။ | ဘုရားသခင်၏ နိုင်ငံတော်<br>*The World of God* | (သစ်ဦးဇင်) | ၁၀၇ |
| ၁၂။ | ဘတ်(စ်)မှတ်တိုင်မှာ<br>*At the Bus Stop* | (သစ်ဦးဇင်) | ၁၂၆ |
| ၁၃။ | ကြောင်နက် စားသောက်ဆိုင်<br>*The Tavern of the Black Cat* | (ဖေလှအောင်) | ၁၃၇ |
| ၁၄။ | ရေရှည်စီမံကိန်းတစ်ရပ်<br>*A Long-Term Plan* | (တင့်ဇော်) | ၁၅၀ |
| ၁၅။ | သောကဝန်<br>*The Disturbing Occurences* | (သစ်ဦးဇင်) | ၁၆၆ |
| ၁၆။ | ဖုန်းဆိုးမြေ<br>*The Wasteland* | (သစ်ဦးဇင်) | ၁၉၂ |
| ၁၇။ | အချိန်နှင့်နေရာ<br>*The Time and the Place* | (သစ်ဦးဇင်) | ၂၀၆ |


## အီဂျစ်စာရေးဆရာကြီး
## နာဂွစ်မာဖောက် [ ၁၉၁၁ - ၂၀၀၆ ]

အသက် ၉၅ နှစ် အရွယ်ရှိ အီဂျစ်စာရေးဆရာကြီး နာဂွစ်မာဖောက်သည် ၂၀၀၆ ခု ဩဂုတ်လ ၂၉ ရက်နေ့က ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။

ကြီးကျယ်ထင်ရှားသော စာရေးဆရာကြီးများသည် သူတို့၏ ဇာတိမြို့များကို ခွဲလမ်း ကွယ်တာတတ်ကြပုံ ရသည်။ ဒဗ္ဗလင်မြို့၏ လမ်းများထဲတွင် စာရေးဆရာကြီး ဂျိမ်းဂျွိုက်၏ ဝိညာဉ်ပုံရိပ်များ ထင်ကျန်နေရစ်သလို ပရာဂွေးမြို့၏ လမ်းများတွင် ကပ်ဖ်ကာ၏ ပုံရိပ်များက ထင်ကျန် ရှင်သန်နေဆဲ ဖြစ်သည်။ ထို့အတူ ဗျူနိအေရီမြို့၏ ကဖေးဆိုင်များရှိ တန်ဂိုအက ကနေသူများနှင့် စီးကရက် မီးခိုးငွေ့များကြားတွင် ဂျော့စ်လူးဝစ်ဘိုဂေး၏ ပုံရိပ်ကို ဖျတ်ခနဲ တွေ့နေရဆဲ ဖြစ်သည်။ ရှေးဟောင်းမြို့တော် ကိုင်ရိုတွင်မူ နာဂွစ်မာဖောက်၏ ပုံရိပ်များက ဝဲလှည့် ကျက်စားနေဦးမည် ဖြစ်သည်။

စင်စစ် နာဂွစ်မာဖောက် ဆိုသည်မှာ ခံ့ညားထည်ဝါသော စာပေဆိုင်ရာ ပုံရိပ်တစ်ခု၊ သမ္ပတ်ထူလိုက်နေသော အီဂျစ်လူမျိုးတို့၏ ရာစုနှစ်ကို မှတ်တမ်းတင်ခဲ့သူတစ်ယောက် ဖြစ်သည်။ သူသည် ဝတ္ထု ၃၅ အုပ်၊ ရုပ်ရှင်ဇာတ်ညွှန်း ၂၀ ကျော်၊ ဝတ္ထုတိုပေါင်းချုပ် တစ်ဒါဇင်အပြင် အက်ဆေး၊ ပုံပြင်ဇာတ်လမ်းများကို ရေးဖွဲ့ခဲ့သူ မဟုတ်ပါလား။ သူ၏ ဝတ္ထု ပုံပြင်ဇာတ်လမ်းများမှာ မြို့ပြစရိုက်လက္ခဏာများကို အမှတ်ထင်ထင်ဖြစ်အောင် ထုဆစ်ရေးဖွဲ့ မှတ်တမ်းတင်ခဲ့သည် မဟုတ်ပါလား။ သူသည် ခက်ခဲပင်ပန်းစွာ ဘဝကို ရုန်းကန်နေရသော၊ ရုန့်ရင်းကြမ်းတမ်းသော စရိုက်လက္ခဏာများနှင့် ဖွဲ့စည်းထားသော၊ ကသောင်းကနင်းနိုင်လှသော ကိုင်ရိုမြို့၏ ခြတောင်ပို့သဖွယ် လူ့အဖွဲ့အစည်းကို ပုံဖော်ရေးဖွဲ့ခဲ့သူ ဖြစ်သည်။